
# မိခင်နို့ရည် တိုက်ကျွေးခြင်း

**ရည်မှန်းချက် ပန်းတိုင်**

၂၀၂၅ ခုနှစ်တွင် ကလေးမွေးကင်းစမှ အသက် (၆)လအထိ မိခင်နို့တစ်မျိုးတည်း ကိုသာ တိုက်ကျွေးသည့်နှုန်း အနည်းဆုံး ၅၀% အထိ တိုးတက်လာစေရန်

## ဘာကြောင့်အရေးကြီးတာလဲ

### မိခင်နို့ရည်တိုက်ကျွေးခြင်း၏အကျိုးကျေးဇူးများ




ကလေးမွေးကင်းစမှ အသက် ၆ လအထိ **မိခင်နို့တစ်မျိုးတည်းကိုသာ** တိုက်ကျွေးခြင်းဖြင့် ကလေး၏ **အကောင်းဆုံးသော ဘဝအစ** ကို ရရှိစေသည်




မိခင်နို့ရည်တစ်မျိုးတည်းကိုသာ တိုက်ကျွေးခြင်းအားဖြင့် ကလေးငယ်များအတွက် **ပြီးပြည့်စုံသော အာဟာရ** အပါအဝင် ၎င်းတို့ ကျန်းမာစွာဖွံ့ဖြိုးရန်နှင့် ဉာဏ်ရည်ဖွံ့ဖြိုးမှုအတွက် လိုအပ်ချက်မှန်သမျှ ရရှိစေသည်






အသက်ရှူလမ်းကြောင်းဆိုင်ရာရောဂါများ၊ ဝမ်းရောဂါများနှင့် အခြားအသက်အန္တရာယ်ကို ခြိမ်းခြောက်သည့်ရောဂါများ မဖြစ်စေရန် **ကာကွယ်ပေးသည်**



**အဝလွန်ခြင်းနှင့် ကူးစက်ရောဂါ မဟုတ်သည့် အခြားရောဂါများ** (ဥပမာ- ပန်းနာရောဂါ၊ ဆီးချိုရောဂါ) မဖြစ်ပွားစေရန် ကာကွယ်ပေးသည်

## ဆောင်ရွက်သင့်သည့်အချက်များ

### မိခင်နို့ရည်အစားထိုးကုန်ပစ္စည်းများ၏ ဈေးကွက်ချဲ့ထွင်မှုကိုကန့်သတ်ရန်




**ဘာလုပ်ရမလဲ** မိခင်နို့ရည်အစားထိုး ကုန်ပစ္စည်းများ၏ဈေးကွက်ချဲ့ထွင်မှုကို ထိရောက်စွာကန့်သတ်ရန်

**ဘယ်လိုလုပ်မလဲ** မိခင်နို့ရည်အစားထိုး ကုန်ပစ္စည်းများကို ဈေးကွက်ချဲ့ထွင်ရောင်းချရာတွင် နိုင်ငံတကာ ဥပဒေစည်းကမ်းများနှင့်အညီ လိုက်နာဆောင်ရွက်စေရန်အတွက် စောင့်ကြည့်ခြင်း၊ ဖော်ဆောင်ခြင်းနှင့် စည်းမျဉ်းစည်းကမ်းများချမှတ်ခြင်းတို့ကို ပိုမိုအားကောင်းအောင် လုပ်ဆောင်ခြင်း

### လစာ ခွင့် ခံစားနိုင်ရေးကို ထောက်ပံ့အားပေးရန်

**ဘာလုပ်ရမလဲ** မိခင်များအနေဖြင့် မိမိ၏ကလေးအား မိခင်နို့တစ်မျိုးတည်းကိုသာတိုက်ကျွေးခြင်းကို အားပေးရန်

**ဘယ်လိုလုပ်မလဲ** လစာပေးမီးဖွားခွင့်ကို (၆)လ အထိ မယူမနေရခွင့်အနေဖြင့် ယူစေခြင်းအား ကျင့်သုံးခြင်းနှင့် မိခင်များအနေဖြင့် လုပ်ငန်းခွင်နှင့်လူအများအကြား မိခင်နို့ရည်တိုက်ကျွေးခြင်းကို အထောက်အကူပြုအားပေးသည့် မူဝါဒများချမှတ်ပေးခြင်း

### ကျန်းမာရေးစနစ်များတွင် အားဖြည့်ပေးရန်

**ဘာလုပ်ရမလဲ** ဆေးရုံ/ကျန်းမာရေးဌာနများတွင် မိခင်နို့တစ်မျိုးတည်း တိုက်ကျွေးမှုကို အထောက်အပံ့ဖြစ်စေမည့် ဝန်ဆောင်မှုများ ရရှိစေရန်

**ဘယ်လိုလုပ်မလဲ** ကျန်းမာရေးစံနစ်များတွင် ကလေးငယ်များနှင့် ရင်းနှီးအကျွမ်းတဝင် ဖြစ်သည့်ဆေးရုံများ ပေါ်ပေါက်လာရေးကို တိုးချဲ့ဆောင်ရွက်ခြင်း


### မိခင်များကို ထောက်ပံ့ပေးရန်

**ဘာလုပ်ရမလဲ** ကိုယ်ဝန်ဆောင်အမျိုးသမီးများနှင့် နို့တိုက်မိခင်များအတွက် မိခင်နို့တစ်မျိုးတည်းသာ တိုက်ကျွေးခြင်းနှင့် ပတ်သက်၍ နှစ်သိမ့်ဆွေးနွေးပညာပေးခြင်းအား ထောက်ပံ့ပေးနိုင်မည့် လူထုအခြေပြုမဟာဗျူဟာ နည်းလမ်းများချမှတ်ရန်


**ဘယ်လိုလုပ်မလဲ** မိခင်နို့ရည်တစ်မျိုးတည်းကိုသာတိုက်ကျွေးခြင်းကို မြှင့်တင်ရန်အတွက် ရပ်ရွာဒေသဓလေ့ထုံးတမ်းများနှင့် ကိုက်ညီစေရန်တည်းဖြတ်ထားသည့် သတင်းအချက်အလက်ပေး လှုပ်ရှားမှုများအပါအဝင် သက်ရှယ်ဆင်တူနှင့် အုပ်စုလိုက် နှစ်သိမ့်ဆွေးနွေးပညာပေးမှုများကို လုပ်ဆောင်ခြင်း

## လက်ရှိရင်ဆိုင်ကြုံတွေ့နေရသောပြဿနာ

တစ်ကမ္ဘာလုံးအတိုင်းအတာဖြင့် မိခင်နို့တစ်မျိုးတည်းတိုက်ကျွေးခြင်းကို မွေးကင်းစကလေးငယ်အားလုံး၏ **၃၈%** ကသာ ရရှိသည်



မိခင်နို့ရည်ကို စံနစ်တကျ မတိုက်ကျွေးခြင်းကြောင့် မွေးကင်းစကလေးငယ် **၈၀၀,၀၀၀** သေဆုံးခဲ့ရသည်



GLOBAL TARGETS 2025 — To improve maternal, infant and young child nutrition

SUN CSA မှ မြန်မာဘာသာပြန်ဆိုသည်

World Health Organization

1,000 DAYS